## ဦးဇေယျသီဟ၏ အမှာစာ

ရိုးရာလက်ဝှေ့ထိုးပါတယ်ဆိုလိုက်ရင်ကို အပေါင်းအသင်း မိတ်ဆွေတွေအကြား စည်းတစ်ခုခြားသွားသလို မြင်နေကြတဲ့ ခေတ်ကာလတစ်ခုကို ကျွန်တော်တို့ ဖြတ်သန်းနေရဆဲပါ။ အချင်းချင်း နာကျင်အောင်ထိုးကြိတ်ရင်းက ဝါသနာကိုအရင်းခံကာ အသက်မွေးဝမ်းကျောင်းရတဲ့ လက်ဝှေ့သမားတွေဟာ လူတကာပြောသမျှ စကားလုံးတွေနဲ့ မျက်လုံးတွေကို ပေါက်ကွဲခွင့်မရကြဘဲ မျိုသိပ်ထားကြရပါတယ်။ ယောက်ျားကောင်းတို့၏ သွေးနဲ့အသည်းကို ပြတဲ့ ပွဲမို့ ပတ်တီးကိုစည်း မာန်ကိုတင်းပြီး ယှဉ်ပြိုင်ကြရပေမယ့် တကယ်တမ်းကျ လူကြမ်းကြီးတွေ မဟုတ်ကြပါဘူး။ ဝါသနာနဲ့ အသက်မွေးဝမ်းကျောင်း တွဲဖက်ထားကြတဲ့ဘဝမှာ ပရိသတ်နဲ့ ပွဲစီစဉ်သူတွေ ထားရာနေ စေရာသွား တည်ရာကစားကြရတဲ့ လူသားစစ်စစ်တွေပါ။ ပြိုင်ပွဲပြီးလို့ လူတွေ ချီးကျူးအော်ဟစ်နေတဲ့အသံကြားက ဒဏ်ရာတွေကိုမျိုသိပ်ရင်း လိုက်ပါပျော်ပေးနေရတဲ့ဘဝ၊ သွေးအလိမ်းလိမ်းကြားမှာ မှုန်နိမ့်သွားလို့ လူတွေအပြစ်ပြောခံနေရရင်း အပယ်ခံဖြစ်သွားတော့မလားလို့ စိုးရိမ်နေရတဲ့ဘဝတွေကို စာနာစိတ်နဲ့ ကြည့်ပေးစေချင်ပါတယ်။ ရိုးရာလက်ဝှေ့သမားတွေဟာ တကယ်တော့ လူကြမ်းကြီးတွေမဟုတ်ဘဲ အနုပညာကို အနုပညာရှင်နဲ့ တည်ဆောက်နေကြရတဲ့ သူတို့မိသားစုရဲ့ သူရဲကောင်းများဖြစ်ကြပါတယ်။ ပေးဆပ်မှုများစွာနဲ့ နိုင်ငံရဲ့ဂုဏ်ကို ကာကွယ်စောင့်ရှောက်နေကြတဲ့ ဟီးရိုးတွေပဲဖြစ်ပါတယ်။

ရိုးရာလက်ဝှေ့သမားတွေဟာ တကယ်တမ်းတော့ လူကြမ်းကြီးတွေ မဟုတ်ကြတဲ့အကြောင်းကို ဦးအော်စကာက နှစ် ၂၀ကျော်အတွေ့အကြုံတွေနဲ့ ပုံဖော်ရေးသားထားတဲ့ အခုစာအုပ်ဟာ မြန်မာ့ရိုးရာလက်ဝှေ့အတွက် အမှတ်တရမှတ်တိုင်တစ်ခုဖြစ်လာမယ်ဆိုတာ ဧကန်မုချပါပဲ။

**ဇေယျသီဟ**

## မာတိကာ


| | |
|---|---|
| လက်ဝှေ့သမားတစ်ဦးရဲ့ ဖြောင့်ချက် | ၁၃ |
| မြင်မြင်ချင်းကွယ်ဘာကြောင့်များချစ်ခင်တယ် | ၂၀ |
| ခေါင်းတွဲရှာပုံတော် | ၃၁ |
| တကယ့်လူကြမ်းကြီးတွေတော့ မဟုတ်ရပါဘူးကွယ် | ၃၇ |
| ဘယ်သူပူလို့ဆွေးပါ့မယ် | ၄၃ |
| အမည်လွဲနှင့်ကျော်ခဲ့သူ | ၅၁ |
| သံကောင်းတိုင်း ခါးမကောင်းနိုင် | ၅၉ |
| တစ်ကျော့ပြန်တဲ့ လွမ်းမောဖွယ် | ၆၅ |
| တောင်ကြီးမှာလည်း လွဲဖူးတယ် | ၈၁ |
| လွမ်းတော်မူလို့ စာကိုစီ | ၈၅ |
| ထားဝယ်အလွမ်းပြေ | ၉၁ |
| ရိုးရာလက်ဝှေ့ကို အမှန်တကယ်ချစ်မြတ်နိုးသူများ | ၁၀၅ |
| ဆင့်ကဲပြောင်းလဲမှုဖြစ်စဉ်များ | ၁၁၁ |
| မရောက်တာကြာလေလေ ပိုပြီးသတိရလေလေ | ၁၁၉ |
| ပျော်လည်းပျော်တယ်ကွယ် စိတ်လည်းညစ်တယ်ကွယ် | ၁၃၃ |
| မိမိနှင့် ငြိမ်းချမ်းရေးရွာသစ်ခရီး | ၁၅၁ |
| ကီးမားနှင့်သူ၏ဘိုဘို | ၁၅၉ |
| တစ်ကျော့ပြန်ဝင်းနိုင်ထွန်း | ၁၆၅ |
| ဝါးဘိုးဝါးအဆစ်တို . . . ငါ့လက်ကို ခံနိုင်ရိုးလား | ၁၇၇ |
| ဖြတ်သန်းခဲ့တဲ့ရိုးရာလက်ဝှေ့စခန်း လွမ်းမောဖွယ်ရာ | ၁၈၃ |
| မိမိနှင့် နေဝင်းထွန်း | ၁၉၁ |
| မိမိနှင့် အောင်ကျော်သန်း | ၁၉၉ |
| မိမိနှင့် စိုးလင်းဦး | ၂၀၅ |
| မိမိနှင့် ဝမ်ချိုင်း | ၂၀၉ |
| မိမိနှင့် ရွှေဆိုင်း (မြိုင်ကြီးငူ) | ၂၁၃ |
| မိမိနှင့် လုံးချော | ၂၁၉ |
| မိမိနှင့် ထွန်းထွန်းမင်း | ၂၂၃ |
| မိမိနှင့် ဒေါ်လာ (တိုက်ကြီး) | ၂၂၉ |
| မိမိနှင့် ရွှေမောင်(ကျောက်တော်) | ၂၃၃ |
| မိမိနှင့် ရှမ်းလေးသွေး(ကျော်စွာ) | ၂၃၇ |
| မိမိနှင့် အောင်အောင်ထွန်း | ၂၄၅ |
| မိမိနှင့် ရွှေဝါထွန်း | ၂၅၁ |
| မိမိနှင့် ဦးစိုးမင်း (GTG) | ၂၅၇ |
| မိမိနှင့် စောငမန်း | ၂၆၃ |
| မိမိနှင့် ဦးလေးကျား | ၂၆၇ |
| မိမိနှင့် စိုးသန်းဝင်း(ဒွန်ကင်းမြန်မာ) | ၂၇၃ |